**အုပ်ချုပ်ရေးမှူး၏ ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ကြေညာချက်အကျဉ်းချုပ်**
**ဤကြေညာချက်သည် ဧပြီလ ၁၂ ရက်မှ ဧပြီလ ၂၅ ရက်နေ့အထိအကျုံးဝင်သက်ရောက်မှုရှိသည်။**

ခရိုင်အားလုံးရှိခုခံနိုင်စွမ်းအားနည်းသည့် အိုင်အိုဝါပြည်သူ/သား (Iowans) များ၏ အိမ်အပြင်ဘက် လှုပ်ရှားမှုများအား ဆက်လက်ချုပ်ထိန်းထားရန် အားပေးတိုက်တွန်းထားပါသည်။ ကျန်းမာရေး အခြေအနေအားနည်းသည့် အိုင်အိုဝါပြည်သူ/သား (Iowans) များနှင့် လူချင်း တွေ့ဆုံပြောဆိုမှုများအား ကန့်သတ်ရန်နှင့် မဖြစ်မနေလူချင်းတွေ့ဆုံပြောဆိုရန်လိုအပ်ပါက ဂရုပြုရမည့်အရာများအား သတိထား၍လိုက်နာရန် အားပေးတိုက်တွန်းထားပါသည်။

သောကြာနေ့မှစ၍ ဧပြီလ ၂၅ ရက်အထိ အကျိုးသက်ရောက်မှုရှိသော၊ ပြန်လည်ဖွင့်လှစ်ခြင်းလမ်းညွှန်-

- မင်္ဂလာဆောင်ညှော်ခံပွဲကျင်းပသည့်နေရာအပါအဝင် စားသောက်ဆိုင်များနှင့် ဘားများ၊ ဝိုင်ထုတ်လုပ်ရေးလုပ်ငန်း၊ ဘီယာချက်စက်ရုံ၊ အရက်ချက်ရုံ၊ ကျေးလက်အပန်းဖြေ စခန်းများ (country club) (သို့) အခြားလူမှုရေး၊ (သို့)အသင်းအဖွဲ့ကလပ်များ (၎င်း၏အဆောက်အအုံ ဥပစာအတွင်း၌ အစားအစာနှင့်အဖျော်ယမကာဝန်ဆောင်မှုပေးခြင်း) အားလုံးသည်
    - အုပ်စုတစ်စုနှင့် တစ်စု (သို့) လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၆ ပေ အကွာအဝေးထားရှိခြင်းနှင့် သင့်လျော်သောကျန်းမာရေးအစီအမံများကို လိုက်နာဆောင်ရွက်ရမည်။

- ကြွခိုင်ရေးစင်တာများ၊ ကျန်းမာရေးကလပ်များ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု ပေးသည့်နေရာ( Health spas) (သို့) အားကစားရုံများသည်
    - အားကစားပစ္စည်းကရိယာများအား တစ်ခုနှင့်တစ်ခု အနည်းဆုံး ၆ ပေ အကွာအဝေး၌ ထားရှိခြင်း၊ အုပ်စုလိုက် လှုပ်ရှားဆောင်ရွက်မှု (group activities) များကို အနည်းဆုံး ၆ ပေ အကွာအဝေးထားရှိခြင်းနှင့် သင့်လျော်သော ကျန်းမာရေးအစီအမံများကို လိုက်နာဆောင်ရွက်ရမည်။

- ကာစီနိုလောင်းကစားရုံနှင့် ဂိမ်းကစားခြင်းအား ဝန်ဆောင်မှုပေးသည့် (gaming facilities) နေရာများသည် -
    - ဂိမ်းကစားသည့်နေရာများအကြား ၆ ပေအကွာအဝေးထားရှိခြင်း၊ ဂိမ်းကစားသည့်စက်များကိုအလှည့်ကျပြောင်းလဲပိတ်ပေးခြင်း၊ နေရာများ ခွဲခြားထားရှိပေးခြင်းနှင့်  သင့်လျော်သောကျန်းမာရေးအစီအမံများကို လိုက်နာဆောင်ရွက်ရမည်။

- သက်ကြီးရွယ်အိုများစင်တာများနှင့် လူကြီးများအား ပြုစုစောင့်ရှောက်ပေးသည့် (adult daycare) ဌာနများသည် -
    - IDPH ၏လမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်ရမည်။

- ဆံပင်ညှပ်ဆိုင်နှင့် အလှအပရေးရာ ဝန်ဆောင်မှုပေးသည့်ဆိုင်များ [အလှကုန်ပစ္စည်း၊ လျှပ်စစ်ပညာ၊ အလှအပဆိုင်ရာ အနုပညာ(esthetics)၊ လက်သည်းအလှပြုပြင်သည့်နေရာများ (manicuring )၊ ခြေထောက်ပိုင်းဆိုင်ရာအလှအပနှင့် ပြုပြင်ခြင်းများအား ဝန်ဆောင်မှုပေးသည့်နေရာများ (pedicuring)]သည်
    - ဖောက်သည် (customers) များအားလုံးအား တစ်ဦးနှင့်တစ်ဦးအနည်းဆုံး ၆ ပေ အကွာအဝေး၌ ရှိနေစေခြင်းနှင့် သင့်လျော်သော ကျန်းမာရေးအစီအမံများကို လိုက်နာဆောင်ရွက်ရမည်။

- ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု (Medical spas ) များသည် -
    - ဆေးဘက်ဆိုင်ရာ PPE လမ်းညွှန်ချက်များအားလိုက်နာဆောင်ရွက်ပါ၊ (အသေးစိတ်သိရှိနိုင်ရန် ကြေညာချက်၏အပိုင်း ၄ (Section 4) တွင်ကြည့်ပါ) ။

- ရုပ်ရှင်နှင့် တိုက်ရိုက်ဖျော်ဖြေမှုများအပါအဝင်ရုပ်ရှင်ရုံများနှင့် ဖျော်ဖြေရေးနေရာများသည် -
    - အုပ်စုများအကြား (သို့) လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၆ ပေ အကွာအဝေး ထားရှိခြင်းနှင့် သင့်လျော်သောကျန်းမာရေးအစီအမံများကို လိုက်နာဆောင်ရွက်ရမည်။

- မြင်း(သို့)ခွေးအပြေးပြိုင်ပွဲအပါအဝင် အမြန်ပြေးလမ်းများ(သို့) ပြိုင်ပွဲလမ်းကြောင်းများသည်-
    - အုပ်စုများအကြား အနည်းဆုံး ၆ ပေအကွာအဝေးထားရှိခြင်းနှင့် သင့်လျော်သောကျန်းမာရေးအစီအမံများကို လိုက်နာဆောင်ရွက်ရမည်။

- ကုန်တိုက်များသည်-
    - ကစားကွင်းများနှင့်ကစားနိုင်သည့်နေရာ (play areas) များကိုဆက်လက်ပိတ်ထားရမည်ဖြစ်ပြီး၊ သင့်လျော်သောကျန်းမာရေးအစီအမံများကို လိုက်နာဆောင်ရွက်ရမည်။

- ပြတိုက်များ၊ ငါးပြတိုက်များ၊ တိရစ္ဆာန်ရုံများ၊ စာကြည့်တိုက်များ၊ မိုးလုံလေလုံကစားကွင်းများ၊ ကလေးကစားကွင်းများ၊ ရေကူးကန်များ၊ ဘင်ဂိုကစားခန်းမများ၊ ဘိုးလင်းကစားခန်းမများ၊ ဂိမ်းကစားရုံများ၊ ရေကူးကန်ခန်းမများ၊   အပန်းဖြေဥယျာဉ်များ၊ စခန်းချရာနေရာများ (Campgrounds)၊ အသားရေထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်မှုပေးသည့်နေရာ (Tanning facilities)၊ တက်တူးထိုးရာနေရာများ၊ အနှိပ်ကုထုံးဌာနများ၊ စာအုပ်ဆိုင်များ၊ အဝတ်အထည်စတိုးဆိုင်များ၊ ဖိနပ်ဆိုင်များ၊ လက်ဝတ်ရတနာဆိုင်များ၊ ခရီးဆောင်အိတ်စတိုးဆိုင်များ၊ အလှပြင်ပစ္စည်းဆိုင်များ၊ အလှအပ(သို့)ရေမွှေးစတိုးဆိုင်များ၊ ပန်းအလှပြင်သူများ၊ ပရိဘောဂနှင့်အိမ်သုံးပရိဘောဂဆိုင်များ၊ ဆေးရွက်ကြီး၊ စီးကရက်၊ ဆေးပြင်းလိပ်ဆိုင်များ၊ ကစားစရာအရုပ်ဆိုင်၊ ဂိမ်း၊ တေးဂီတ၊ တူရိယာ၊ ရုပ်ရှင်၊ အရွယ်ရောက်ပြီးသူဖျော်ဖြေရေးဆိုင်များအားလုံးသည်-
    - သင့်လျော်သောကျန်းမာရေးအစီအမံများကို လိုက်နာဆောင်ရွက်ရမည်။

ဇွန်လ ၂၅ ရက်နေ့အထိ လူစုလူဝေးပြုလုပ်မှုများအတွက်လမ်းညွှန် -

- လူမှုရေး၊ ရပ်ရွာလူမှုအဖွဲ့အစည်း၊ အပန်းဖြေရေးနှင့်ဆိုင်သော (recreational )၊ အပန်းဖြေမှု (leisure )၊ (သို့) အားကစားပွဲများ၊ (သို့) တောင်သူလယ်သမားဈေးနေ့နှင့် လေလံပွဲများ အပါအဝင် အားကစားပွဲများကိုအောက်ပါအချက်များနှင့်ကိုက်ညီလျှင်ပြုလုပ်နိုင်သည် -
    - စီစဉ်သူများသည် အုပ်စုများအကြား (သို့) လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၆ ပေ အကွာအဝေး သေချာစွာထားရှိစေပြီး၊ သင့်လျော်သော ကျန်းမာရေးအစီအမံများကို လိုက်နာဆောင်ရွက်ရမည်။

- လေ့ကျင့်ခြင်းများ၊ ဂိမ်းများ၊ ဘေ့စ်ဘော၊ ဘောလုံးအပျော့နှင့်ကစားသည့် ဘေ့စ်ဘော(softball) နှင့်တစ်ဦးချင်းကစားရသည့်အားကစား၊ ပြေးခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ တင်းနစ်နှင့် ဂေါက်သီးကဲ့သို့သောအားကစားပြိုင်ပွဲများအား -
  - သင့်လျော်သောကျန်းမာရေးအစီအမံများ အကောင်အထည်ဖော်လိုက်နာဆောင်ရွက် နေသမျှကာလပတ်လုံး ခွင့်ပြုထားပါသည်။

- ယုံကြည်သက်ဝင်မှုနှင့် ဘာသာရေးဆိုင်ရာစုရုံးမှုများအား (အသုဘ/ဈာပနအစီအစဉ်နှင့် မင်္ဂလာဆောင်ပွဲများအပါအဝင်) တားမြစ်ထားခြင်းမရှိပါ။

အရေးမကြီးသော (သို့) ကြိုတင်ရက်ချိန်းဖြင့် ပြုလုပ်မည့်ခွဲစိတ်မှုများနှင့် လုပ်ထုံးလုပ်နည်းများ အတွက် ကန့်သတ်ချက်များရှိသည်။ (လိုအပ်ချက်များအပြည့်အစုံသိရှိနိုင်ရန်အတွက် ဘာသာစကားကြေညာစာကိုကြည့်ပါ။ )